Emmanuel Christian Community School

CASSERLEY CAMPUS – K to 6
50 Casserley Ave. GIRRAWHEEN

SALCOTT CAMPUS – 7 to 12
3 Salcott Rd. GIRRAWHEEN

**Phone:** 9342 7377 | **Email:** admin@eccs.wa.edu.au

၂၂ ဧပြီလ ၂၀၂၂

လေးစားအပ်ပါသော မိဘများ ၊ အုပ်ထိန်းသူများ နှင့် ကျောင်းမိသားစုဝင်များ

သင်တို့ သတိပြု သိရှိထားသည့်အတိုင်း Term-2 အတွက် ကျောင်းများအတွင်း ပြည်သူ့ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ အစီအမံများကို ဖြေလျော့ပေးလိုက်ပြီဖြစ်ပြီး ၊ အသေးစိတ် အချက်အလက်များကို wa.gov.au တွင် ဖော်ပြထားပါသည်။ ကျွန်ုပ်တို့သည် လက်ရှိ ကျန်းမာရေး အကြံပြုချက်များကို ဆက်လက်လိုက်နာပြီး ကျွန်ုပ်တို့၏ ကျောင်းအတွင်း ပြောင်းလဲမှုများကို ဤစာအားဖြင့် အသိပေး အကြောင်းကြားလိုက်ပါသည်။

Term-2 အတွင်း အောက်ဖော်ပြပါ အချက်အလက်များအတွက် မိဘများနှင့် အုပ်ထိန်းသူများကို ကျောင်းဝန်းအတွင်းသို့ ဝင်ရောက်ခွင့်ပြုမည် ဖြစ်ကြောင်း ဝမ်းမြောက်စွာဖြင့် အသိပေးအကြံပြုအပ်ပါသည်။

- ကျောင်းဝန်းအတွင်း ကျောင်းကြို/ပို့ ပြုလုပ်ခြင်း( ကျောင်းစာသင်ခန်းထဲသို့ ဝင်ခွင့်မရှိပါ)
- စာသင်ခန်းပြင်ပ မှ စေတနာ့ ဝန်ထမ်းလုပ်ခြင်း ၊ canteen နှင့် uniform ဆိုင် အပါအဝင်ဖြစ်သည်။
- အတန်း အလိုက် Assembly များ တက်ရောက်နိုင်ခြင်း
- မိဘ/ဆရာ၊မ များ မျက်နှာခြင်းဆိုင် အစည်းအဝေများ တက်ရောက် နိုင်ခြင်း
- Mask တပ်ပြီး တစ်ယောက်နှင့် တစ်ယောက် ခပ်ခွါခွါနေခြင်းဖြင့် Indoor and outdoor အားကစားပွဲများ ၊ မကြာခဏ ပြုလုပ်တတ်သော အထူးပွဲများ ၊ ဖျော်ဖြေပွဲများနှင့် Interschool ပွဲများတွင် တက်ရောက်နိုင်ခြင်း
- လူချင်း တွေ့ပြီး ပြုလုပ်သော အစည်းဝေးများ တက်ရောက်နိုင်ခြင်း - ဥပမာ - EPG နှင့် ကျောင်း ဘုတ်အဖွဲ့ အစည်းဝေးများ တက်ရောက်နိုင်ခြင်း

ကျောင်းဝန်းအတွင်းသို့ ဝင်ရောက်မည့် မိဘများ/အုပ်ထိန်းသူများသည် Mask ကို တပ်ဆင်ရမည်ဖြစ်ပြီး ဖြစ်နိုင်ပါက တစ်ယောက်နှင့် တစ်ယောက် ခပ်ခွါခွါနေခြင်းကို လိုက်နာကျင့်သုံးရမည် ဖြစ်သည်။ **မိဘများ/အုပ်ထိန်းသူများကို ကျောင်းခန်းအတွင်းသို့ ဝင်ရောက်ခွင့် မပြုကြောင်း ကျေးဇူးပြု၍သတိပြုပါ။**

မကြာမကြာ ပြုလုပ်တတ်သော ပွဲများအပါအဝင် ကျောင်း၏ လှုပ်ရှားမှုများ အချို့ ပြန်လည်စတင်နိုင်မည်ဖြစ်ပြီး Term 2 တွင် ၎င်းတို့ နှင့်ပတ်သက်သော အကြောင်းအရာ အသေးစိတ်အချက်အလက်များကို ဖော်ပြသွားမည် ဖြစ်သည်။

ကျောင်းပိတ်ရက်များအတွင်းတွင် COVID-19 ကူးစက်ခံရမှုများနှင့် ပတ်သက်ပြီး ကျောင်းသို့ အကြောင်းကြားရန် မလိုအပ်ကြောင်း အထူး သတိပြု စေလိုပါသည်။ သို့သော်လည်း RATs စစ်ဆေးမှုခံယူပြီး Positive ဖြစ်သူများသည် www.healthywa.wa.gov.au/ratregister ဤနေရာမှတဆင့် WA ကျန်းမာရေး၌နကို အကြောင်းကြားရန် ဖြစ်သည်။

ကျောင်းပိတ်ရက်များ နှင့် Easter ပွဲများ ကျင်းပ ဆင်နွဲသည့် အချိန်များတွင် သင် နှင့် သင့်မိသားစုများအားလုံး လုံခြုံမှုရှိပြီး မင်္ဂလာရှိသော အချိန်များ ဖြစ်ပါစေကြောင်း ကျွန်ုပ်တို့ ဆုတောင်းပေးပါသည်။

Emmanuel Christian Community School

**Address** 3 Salcott Road,
Girrawheen WA 6064
**Phone** 9342 7377 **Fax** 9342 8286
**Email** emmanuel@eccs.wa.edu.au

**www.eccs.wa.edu.au**

**Term – 2 အတွက် ဧပြီ လ ၂၇ ရက် ဗုဒ္ဓဟူးနေ့တွင် ကျောင်း ပြန်လည် ဖွင့်လှစ်မည်**ဖြစ်သောကြောင့် ကျောင်းသားများကို ပြန်လည် ကြိုဆိုရင်း ကျွန်ုပ်တို့ **EMMANUEL ကျောင်း၏ နှစ် (၄၀) ပြည့် ကျောင်းပွဲတော်ကို ဧပြီလ ၃၀ ရက် စနေနေ့တွင်** လည်း အားလုံးနှင့် တွေ့ဆုံရန်လည်းဖြစ်သည်။ ဤပွဲတော်ကြီးကို လည်း ပြုလုပ် နိုင်မည် ဖြစ်သည့်အတွက် အထူးပင် ကျေးဇူးတော် ချီးမွမ်းပါတယ်။

In Christian service

ကျောင်းအုပ်ကြီး